

## အိပ်မက်ဝိညာဉ်

ဘဝရဲ့ လဟာပြင်မှာ
အကြင်နာကင်းမဲ့
ဝေဒနာသတင်းနဲ့
ရင်မှာတင်းခံခဲ့သူ။

တစ်သက်တာအတွက်
အချစ်မညာရစ်ပါ
မေတ္တာသွယ်တန်း
ချစ်သဒ္ဒါတွေလွှမ်းခဲ့တဲ့
အညာလမ်းတစ်လျှောက်
တမာတန်းအောက်က
တောက်လျှောက်ခရီးလမ်း
အချစ်ရဲ့ဝန်းလျားတန်းလေးတွေ...။



နေ့.....
ရွှေလည်တိုင်တေးများစွာ
သီဆိုပြိုင်ပြေးကစားစရာ
ရင်မှာရှိသမျှ
ပသာဒတွေ...
သိဂါရတွေ...
ရသတွေ...
ရွှန်းမြကြည်လင်
ဖန်သားပြင်မှ
ပြန်ကြား ရှင်အလှလို
ရင်ဖိုတမ်းတာ
ဘဝအမြင်
စိတ်မှာထင်ရ
သြော်...
လိပ်ပြာအမြင်လှ
အချစ်ပါဝင်ရတဲ့
အိပ်ရာဝင်ညတွေ ဖြစ်ပါစေ...။